# C လက်ထပ်ခြင်း ၊ ကွာရှင်းခြင်း

C လက်ထပ်ခြင်း ၊ ကွာရှင်းခြင်းထိပ်ဆုံးသို့

## နိုင်ငံတကာလက်ထပ်ခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်း

### ဂျပန်နိုင်ငံသားနှင့်နိုင်ငံခြားသားတို့လက်ထပ်ခြင်း

↓

ဂျပန်နိုင်ငံသားသည် ဂျပန်နိုင်ငံ၌ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ လက်ထပ်ခြင်းဆိုင်ရာ အကြောင်းချင်းရာနှင့်ညီညွတ်ရမည်။ နိုင်ငံသားသည် မိမိနိုင်ငံ၏ လက်ထပ်ခြင်းဆိုင်ရာ အကြောင်းခြင်းရာနှင့် ပြည့်စုံရမည်။

↓

| | |
|---|---|
| ပြင်ဆင်ထားရမည့် စာရွက်စာတမ်းများ | 1 လက်ထပ်ပုံစံ (မြို့နယ်အစိုးရရုံး၌ ရယူရန်။ အရွယ်ရောက်သူ အသိသက်သေနှစ်ဦး၏ လက်မှတ်နှင့် လက်မှတ်တံဆိပ်တုံးနှိပ်ရန်)<br>2 သန်းခေါင်စာရင်းဖော်ပြချက် အပြည့်အစုံ (ဂျပန်နိုင်ငံသား)<br>3 လက်ထပ်ခြင်းဆိုင်ရာအကြောင်းချင်းရာများနှင့်ညီညွတ်ကြောင်း ထောက်ခံစာ (သို့) ၎င်းနှင့် အလားတူစာ (နိုင်ငံခြားသား)<br>4 နိုင်ငံကူးလက်မှတ်စသည့် (မည်သည့် နိုင်ငံသားဖြစ်ကြောင်း သက်သေခံမည့်အရာ) |

↓

လက်ထပ်မည့်သူနှစ်ဦးအနက် တစ်ဦးဦး၏နေထိုင်ရာအရပ်ရှိ (သို့) ဂျပန်နိုင်ငံသား သန်ခေါင်စာရင်းဝင်ရာ မြို့နယ်အစိုးရရုံးသို့ တင်သွင်းရမည်။

↓

လက်ခံထားပါက ဂျပန်နိုင်ငံတွင် လက်ထပ်မှုအရာမြောက်မည်။

↓

တင်သွင်းသည့်အခါ လက်ထပ်ပုံစံလက်ခံထားကြောင်း သက်သေခံစာကို ထုတ်ယူ ထားပါ။

↓

နိုင်ငံခြားသားသည် မိမိနိုင်ငံ၌ လက်ထပ်ခြင်းလုပ်ငန်းစဉ်များကို လုပ်ဆောင်မည်။
နိုင်ငံပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းများ ကွဲပြားမည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံရှိသံရုံး၊ ကောင်စစ်ဝန်ရုံးတို့တွင် စုံစမ်းပါ။

↓

လက်ခံထားပါက မိမိနိုင်ငံ၌ လက်ထပ်မှုအရာမြောက်မည်။

↓

ဂျပန်နိုင်ငံသား၏အိမ်ထောင်ဖက်အဖြစ် နေထိုင်ခွင့်ပြောင်းလဲရန် ဆန္ဒရှိ သူသည် သက်ဆိုင်ရာ ဒေသလူဝင်မှုကြီးကြပ်ရေးဌာနနှင့် တိုင်ပင်ပါ။

### နိုင်ငံခြားသားနှင့်နိုင်ငံခြားသားတို့လက်ထပ်ခြင်း

↓

လက်ထပ်မှုအရာမြောက်ခြင်းသည် နိုင်ငံပေါ်မူတည်၍ ကွဲပြားမည်ဖြစ်သောကြောင့် ဂျပန်နိုင်ငံရှိ သံရုံး၊ ကောင်စစ်ဝန်ရုံးသို့ မေးမြန်း၍ ဆောင်ရွက်ရန်။ ဂျပန်နိုင်ငံ၏ မြို့အုပ်ချုပ်ရေးရုံး၌ လက်ထပ်ခြင်း လုပ်ထုံးလုပ်နည်းများကို လုပ်ဆောင်ရန် မြို့နယ်အစိုးရရုံး သို့ မေးမြန်းပါ။